# လီချားကျေးရွာ

# ဟားခါးမြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၂၀ - ၂၀၂၅)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

လီချားကျေးရွာ၊ ဟားခါးမြို့နယ်

(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၃ ခုနှစ်၊ မတ်လ

မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | စကားချီး | ၄ |
| ၂ | ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ဟားခါးမြို့နယ် | ၆ |
| ၃ | **အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်** | ၇ |
| | (၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု | |
| | (က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက် | ၈ |
| ၄ | (ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု | ၉ |
| | **(၂) ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ** | |
| | (က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား | |
| ၅ | (ခ) သဘာဝအရင်းအမြစ် | ၉ |
| | **(၃) ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ** | ၉ |
| | (က) လူဦးရေဆိုင်ရာအချက်အလက်များ | ၉ |
| | (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု | ၁၀ |
| | (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု | ၁၀ |
| ၆ | (ဃ) ကျန်းမာရေးနှင့် အာဟာရ | ၁၁ |
| | (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ | |
| | (စ) ကျားမဆိုင်ရာဆက်နွယ်မှု | ၁၁ |
| | **(၄)ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ** | |
| | (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု | ၁၂ |
| | (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ | |
| | (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ | |
| ၇ | (ဃ) သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု | ၁၂ |
| | (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | ၁၃ |
| | (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး | |
| ၈ | (ဆ)လူငယ်နှင့် ယဉ်ကျေးမှု | |
| | (ဇ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး | ၁၃ |
| ၉ | **(၅) ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ** | ၁၅ |
| | (က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ | ၁၆ |
| | (ခ) အဟန့်အတားနှင့် စိန်ခေါ်မှု | ၁၇ |
| | **(၆) ပန်းတိုင်နှင့် မဟာဗျူဟာ** | |
| | (က) ဖွံ့ဖြိုးရေးပန်းတိုင် | |
| | (ခ) အကောင်အထည်ဖော်နည်းဗျူဟာ | |
| | **(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ** | ၁၇ |
| ၁၀ | (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့်ပုံမှန်စိစစ်ခြင်း | ၁၈ |

(ခ) ကျေးရွာတွင်းလမ်းနှင့်ကျေးရွာချင်းဆက်လမ်းအဆင့်မြှင့်ပြုပြင်ခြင်း
(ဂ) စိုက်ပျိုးရေးလယ်ယာသုံးကိရိယာများစနစ်တကျငှားရမ်းအသုံးပြုရေ ၁၈
(ဃ) အသက်မွေးဝမ်းကျောင်းဆိုင်ရာလုပ်ငန်းများဖန်တီးပေးရေး
၁၁ (စ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ ၁၉

**(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ**

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

**(၉) နောက်ဆက်တွဲ(၂)**
**ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ**
**ဇယား(၄၈)**

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၀/၂၁ ဘဏ္ဍာရေးနှစ်မှ ၂၀၂၄/၂၅ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက် ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီး ဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်း စဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများ မှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း

အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

မတ်လ၊ ၂၀၂၃

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
လီချားကျေးရွာ
ဟားခါးမြို့နယ်

## လီချား ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ဟားခါးမြို့နယ်

# အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

## ၁ နိဒါန်း

## ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

**အစိုးရနှင့် အခြားအဖွဲ့အစည်းများအတွက်အသုံးဝင်မှု**

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့်၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

## ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက် သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

## (က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် ဟားခါးမြို့နှင့်ဂန့်ဂေါကားလမ်းဘေးတွင်တည်ရှိပြီး၊ ဟားခါးမြို့မှ မိုင်(၁၅/၀)အကွာတွင်တည်ရှိသောကျေးရွာဖြစ်ပါသည်။ တောင်ကုန်းတောင်တန်းများထူထပ်၍ ပွင့်လင်းရာသီတွင် သွားလာရ လွယ်ကူပြီး မိုးရာသီတွင် မြေပြိုခြင်းကြောင့်သွားလာရခက်ခဲပါသည်။ ကျေးရွာ၏အဓိကသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများမှာ တစ်ပိုင်တစ်နိုင်လုပ်ငန်းများဖြစ်ပါသည်။ဒေသ၏တစ်နှစ်ပျမ်းမျှ မိုးရေချိန်လက်မမှ ၄၀ အောက်တွင် ရှိသော်လည်း များစွာအထောက်အကူပြုပါသည်။

## (ခ) သဘာဝအရင်းအမြစ်

ကျေးရွာတွင် သဘာဝသယံဇာတနှင့်ထုတ်ကုန်ပစ္စည်းများ မထွက်ရှိပါ။ မြေပြန့်လွင်ပြင် မရှိသောကြောင့် အမြဲတမ်း ရွှေ့ပြောင်းတောင်ယာ စနစ်ဖြင့် စပါး၊ ပြောင်း နှင့်ဝါဥစိုက်ပျိုးပြီး သီးညှပ်အဖြစ် ကော်ဖီထုပ်၊မုန်ညှင်းနှင့် အာလူးစိုက်ပျိုးကြပါသည်။ လှေကား ထစ်တူဖော်ကာ ဥယျာဉ်ခြံတွင်ကြက်သွန်နီ၊ ကြက်သွန်ဖြူ နှင့် ပန်းမုန်လာများ အဓိက စိုက်ပျိုးကြပါသည်။ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများတွင် မိမိအိမ်တွင်တစ်နှစ်စာ ဝမ်းစာ ဖူလုံရန်အတွက် တစ်ပိုင်တစ်နိုင်လုပ်ငန်းများသာလုပ်ကိုင်ကြပါသည်။ သဘာဝတိရစ္ဆာန် မျိုးစိတ် များလည်း ရရှိနိုင်မှု နည်းပါးပါသည်။

## ၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

## (က) လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း (၅၁)စုနှင့်ကျား(၅၇)၊ မ(၈၀)ဦးဖြင့် လူဦးရေပေါင်း(၁၃၇)ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၂.၆)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း ၅ ဦးထက် လျော့နည်းသည်။ ကျေးရွာတွင် ချင်းလူမျိုးများသာနေထိုင်ကြပါသည်။

## (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီးကျေးရွာ၏ ဝင်ငွေသည် နေမြေခြားမှ ပို့သော ငွေဖြင့်သာရပ်တည်ကြပြီး တစ်ရွာလုံး၏ဝင်ငွေအနေအထားမှာ သာမန်အားဖြင့် လျော့နည်း သည်။ ဆင်းရဲချမ်းသာအဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စု အားလုံး၏ ၅၀%သည် ဆင်းရဲနှင့် အလွန်အိမ်ထောင်စုအဆင့်အဖြစ် သတ်မှတ် ကြပြီး ၅%သည် ချမ်းသာသည့်အဆင့်၊ ၄၅%သည် အလယ်အလတ်အဆင့်ရှိကြသည်ဟုသတ်မှတ်ကြသည်။ ကျေးရွာစီးပွါးရေးအနေအထားမှာ အသင့် အတင့်ကောင်းသည်ဟု ပြောနိုင်ပါသည်။ ချမ်းသာသော လယ်သမားအိမ်ထောင်စုများအပြင် အခြား တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းအိမ်ထောင်စုအချို့ရှိပြီး လက်သမား၊ပန်းရံ၊ ဝန်ထမ်း၊နှင့် ကျပန်း အလုပ်သမား လည်းရှိကြပါသည်။ ယင်းတို့အနက် ဆင်းရဲအဆင့်သည် ကျေးရွာတွင် အများဆုံး

ဖြစ်ပြီး မြေယာအနည်းငယ်မျှပိုင်သော လယ်သမားများ၊ လက်လုပ် လက်စားများ၊ ဆောက်လုပ်ရေး လုပ်ငန်းခွင်လုပ်သားများရှိကြပြီး မြေယာမဲ့ အိမ်ထောင်စုများနှင့် ကျေးရွာမှ ထောက်ပံ့ပြီး မှီခိုနေထိုင်သောအိမ်ထောင်စုဝင်များလည်းပါဝင်သည်။ ကျေးရွာပြည်သူများသည် ရွှေ့ပြောင်း တောင်ယာဖြင့် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ပြီးဝမ်းစာဖူလုံမှုမရှိကြ၍ ချေးငွေဖြင့် လည်းကောင်း၊ ကျပမ်းအလုပ်ဖြင့်လည်းကောင်း၊ဆောက်လုပ်ရေးနေ့စားလုပ်သားအဖြင့်လည်းကောင်း လုပ်ကိုင်စား သောက်နေကြ၍ ရေခြားမြေခြားမှ ပို့သော ငွေကြေး ဖြင့်သာ ရပ်တည်နေရခြင်းဖြစ်သည်။

**(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု**

ကျေးရွာတွင်မြေယာမဲ့အိမ်ထောင်စုအရေအတွက်မှာ သုံးပုံနှစ်ပုံခန့်ရှိသော်လည်း တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေးလုပ်ငန်းများတွင် အဓိကဝင်ရောက်လုပ်ကိုင်ကြပြီး တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်း၊ဆောက်လုပ်ရေးလုပ်ငန်း၊ လက်လီဈေးရောင်း၊ ကျပမ်း လုပ်ငန်းများ ၊ တခြားနေမြေသို့သွားရောက် လုပ်ကိုင်သောလုပ်သားများ စသည်တို့တွင်လည်းလုပ်ကိုင်ကြသည်။ ကျေးရွာမှ အလွန်ဆင်းရဲသောအိမ်ထောင်စုများ၏ ၁၀%မှာ သူတစ်ပါးထံမှ ချေးငှားပြီး နပ်မှန်စားသုံးနိုင်ကြောင်း၊ ၂၀%မှာ သူတပါးထံမှ မချေးမငှါးပဲ သုံးလခန့်နှင့် ၃၀%ခန့်မှာ ၃ လ မှ ၅ လခန့်စားသုံးနိုင်ကြောင်း၊၄၀%မှာ ၆လမှ ၁၂လခန့် သူတပါးထံမှ ချေးငှါးစရာမလိုပဲ နပ်မှန်စားသုံးနိုင်ကြကြောင်း တွေ့ရှိရသည်။ အကြွေးတင်ရှိမှုတွင် ကျေးရွာ အိမ်ထောင်စုအားလုံး၏(၇၀%)သည် အကြွေးငွေ ၁၀၀,၀၀၀/– ကျပ်မှ ၅၀၀,၀၀၀/– ကျပ်ထိ တင်ရှိ နေကြသည်။ ချေးငွေအများစုကို ပုဂ္ဂလိက ငွေချေးလုပ်ငန်းများ၊ ကျေးရွာသမဝါယမ အသင်း နှင့် နိုင်ငံတော်ထောက်ပံ့ ရန်ပုံငွေမှချေးငွေ၊ ကျေးရွာရှိအများပိုင် ရန်ပုံငွေများမှ ချေးယူရရှိကြသည်။ ချေးငွေများကို အသုံးပြုကြပုံမှာ စားသုံးရန် အတွက်၊ ကျန်းမာရေး ကိစ္စရပ်များအတွက် အဓိကသုံးစွဲကြပြီး၊ လူမှုရေးလုပ်ငန်းများတွင်လည်းအသုံးပြုပြီး ဝင်ငွေရအလုပ်အကိုင်များ၊ ပညာ ရေး တို့အတွက် ဒုတိယအနေအထားတွင် သုံးစွဲကြသည်။

ကျေးရွာတွင် ထိခိုက်လွယ်သောအိမ်ထောင်စုများမှာ မိသားစုစောင့်ရှောက်မှုမရှိသူများ ဖြစ်သည့် သက်ကြီးရွယ်အို (၉)ဦးတို့ဖြစ်ကြသည်။ ထိခိုက်သက်ရောက်မှုအမျိုးအစားတွင်မိုးရာသီတွင် မြေပြို၍ တောင်ယာများပျက်စီးသည်ရှိ၍ သစ်တော ပြုန်းတီးမှုမြင့်သည့် အနေအထား တွေ့ရပြီး ကျန်အမျိုးအစားများမှာနိမ့်သည့် အနေအထားများတွင်သာ တွေ့ရသည်။ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် သူများအတွက်အုပ်စုအလိုက် ခွဲခြားသတ်မှတ်ရာတွင်လည်း ထိခိုက်သက်ရောက်မှုနိမ့်ကြောင်းတွေ့ရသည်။

**(ဃ) ကျန်းမာရေးနှင့် အာဟာရ**

ကျေးရွာတွင် ရွာသူ/သားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရ ပြည့်ဝမှုအသင့်အတင့်ရှိကြသည်။ မိုးရာသီတွင် ကလေးငယ်များဝမ်းလျောဝမ်းပျက် ကျရောက်တတ်ပြီး ဆောင်းရာသီတွင် အဆုတ်အအေးမိရောဂါကျရောက်တတ်လေ့ရှိပါသည်။

ကျန်းမာရေးဌာနမှ အသိပေးပညာပေးခြင်း၊ အနီးကပ်ဆေးကုသမှုခံယူခြင်းကြောင့် ကျေးရွာသူ/သား များမှရောဂါ ကိုအချိန်မီကုသနိုင်ကြောင်းတွေ့ရပါသည်။ဟားခါးမြို့ပြည်သူဆေးရုံနှင့် (၁၅/၀) မိုင်ခန့် ကွာဝေးပြီး ကားလမ်းဖြင့် အလွယ်တကူသွားလာနိုင်သော ကြောင့်ကျန်မာရေး အတွက် လက်လှမ်း မီပါသည်။

**(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ကျေးရွာပညာရေးသည်အခြေခံပညာအလယ်တန်းကျောင်းရှိသောကြောင့်ပညာရေးအဆင့် အတန်းသည် အသင့်အတင့် ရှိကြောင်းတွေ့ရှိရပါသည်။ အခြေခံပညာအထက်တန်းကျောင်းသည် ဟားခါးမြို့တွင်တက်ရောက်ရပြီး ရွာသား အများစုသည်အခြေခံအရေး၊ အဖတ်၊ အတွက်တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရအရေအတွက် အသင့်အတင့်ရှိပါသည်။ ကျေးရွာတွင် အခြေခံ ပညာမူလတန်းကျောင်းနှင့် အလယ်တန်း၊ အထက်တန်း ကျောင်းပညာတို့အတွက် ဟားခါးမြို့သို့ တက်ရောက်သင်ကြားနိုင်ကြသည်။ သို့သော် သက်မွေး ဝမ်းကျောင်းလုပ်ငန်းများ ဆိုင်ရာ ကျွမ်းကျင် မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ် များအတွက် ကျွမ်းကျင်မှု အခြေခံသည့် အလုပ်အကိုင် အခွင့်အလမ်းများသည်လည်း နည်းပါး ဆဲဖြစ်သည်။

**(စ) ကျားမဆိုင်ရာဆက်နွယ်မှု**

ကျေးရွာတွင် ကျားမဆိုင်ရာဆက်နွယ်မှုအနေအထားမှာ တည်ငြိမ်ကောင်းမွန်ပါသည်။ မိသားစု အတွင်း ကျား/မ တို့၏တာဝန်ယူမှုအပိုင်းတွင်းလည်း လူမှုအဖွဲ့အစည်း၏စံနှုန်းများအရ ကောင်းမွန်စွာ သတ်မှတ်ကျင့်သုံးကြပါသည်။ကျားနှင့်မအကြားပြင်းထန်သော အိမ်တွင်း အကြမ်း ဖက်မှုနှင့် တန်းတူညီစွာ ခွဲခြားဆက်ဆံခြင်းကိစ္စများမတွေ့ရပါ။ကျေးရွာတွင် အမျိုးသား၊ အမျိုး သမီးများသည် သာမန်အားဖြင့်ပညာရေးနှင့် အခြားနယ်ပယ် များတွင် အခွင့်အရေး တူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ အမျိုးသမီးများပညာသင်ယူရေးဆိုင်ရာ အခွင့် အရေးမှာ အမျိုးသားများနှင့် တန်းတူပင်ဖြစ်သည်။ သို့သော် ကျေးရွာတွင် နေ့တွက် လုပ်အား ခငွေ များမှာ အမျိုးသားများက ပိုမိုရကြသည်။ ဥပမာအားဖြင့် လုပ်အားသဘာဝနှင့် အင်အား စိုက်ထုတ်ရမှု တူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားခလျော့နည်းပြီး ရကြသည်။ ကျေးရွာလူမှုအဖွဲ့အစည်းနှင့် ကျေးရွာဖွံ့ဖြိုးရေးတွင်း လည်းအမျိုးသမီးများပါဝင်မှု အသင့်အတင့် ရှိကြသည်။

**၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ**

**(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု**

ကျေးရွာတွင် လူမှုရေးအဖွဲ့၊ ဘာသာရေးအဖွဲ့၊ အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်း (၃)ဖွဲ့ရှိပါသည်။။ လူမှုရေးအဖွဲ့သည့် လူငယ်အဖွဲ့ဖြစ်ပြီး သာရေးနာရေး ကိစ္စအပါအဝင် လူမှုရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ဆောင်ရွက်မှု အားကောင်းလျက်ရှိပါသည်။ ဘာသာရေး

အဖွဲ့သည် ကျေးရွာမှ ဝမ်းစာဖူလုံမှုမရှိသောအိမ်ထောင်စုများကို ကူညီစောင့်ရှောက်ပေးလျက် ရှိပါသည်။ကျန်းမာရေးအဖွဲ့အစည်း၊အိမ်သာစစ်ဆေးရေး၊ပတ်ဝန်းကျင်သန့်ရှင်းရေးအသိပညာပေးခြင်း

ဆောင်ရွက်သည့်အဖွဲ့အစည်းများလည်းရှိပါသည်။

**(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ**

ကျေးရွာတွင် စပါး၊ပြောင်းနှင့် ဝါဥကိုအဓိကထား စိုက်ပျိုးကြပြီး၊ တချို့အိမ်ထောင်စုများမှာ အာလူး၊ ပန်းမုန်လာနှင့်ကော်ဖီထုပ်စိုက်ပျိုးကြပါသည်။ သီးနှံစိုက်ပျိုးရာတွင် မြေပြန့်လွင်ပြင်မရှိ၍ တောင်ကုန်းတောင်တန်းများဖြစ်သည့်အတွက် သီးနှံများ စီးပွါးဖြစ်ထွက်ရှိသော သီးနှံများမရှိပါ။ ကြက်၊ဝက်၊ဆိတ်၊ငါးကန်များလည်းတစ်ပိုင်တစ်နိုင်ဖြင့် သာမွေးမြူ နိုင်ကြပါသည်။ကျေးရွာတွင် တစ်ပိုင်လုပ်ငန်းများသာလုပ်ကိုင်သောကြောင့်သီးနှံ၊သားငါး ထုတ်လုပ်ရေးကဏ္ဍတွင် အားနည်း ကြောင်း တွေ့ရပါသည်။

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ကျေးရွာတွင် အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စားအလုပ်များ၊ သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုများ၊ ဈေးရောင်း၊ အစိုးရဝန်ထမ်းလုပ်ငန်းတို့ ဖြစ်ကြသည်။လက်လုပ်လက်စားအလုပ်သမားများမှာ စိုက်ပျိုးရေးတွင်မြေနေယာမရှိသောကြောင့် ရာသီများတွင်သာ အလုပ်အကိုင်များပြီး နေ့စားလုပ်သားများမှာ ဝင်ငွေမမှန်ခြင်းကြောင့်တွက် ခြေကိုက်မှု နည်းပါးသည်။

**(ဃ) သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု**

ကျေးရွာတွင် စပါး၊ ပြောင်းစိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်ခြင်းကြောင့် ပေါင်းသတ်ဆေးအသင့်အတင့်သုံးခြင်း၊ ဥယျာဉ်ခြံများတွင် မြေများပြိုကျပစ္စည်းခြင်းကြောင့် တောင်ယာလုပ်ငန်းများပြောင်းရွှေ့လုပ်ကိုင်ရခြင်းမြေပြန့်မရှိ၍စိုက်ခင်းများအထွက်တိုးမှုနည်းပါးခြင်း များရှိပါသည်။သို့ဖြစ်ပါ၍ သဘာဝပတ်ဝန်းကျင်ဆိုင်ရာအသိပညာပေး လုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်ပါသည်။

**(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ကျေးရွာတွင် သမဝါယမချေးငွေ၊ မြန်မာ့ လယ်ယာ ဖွံ့ဖြိုးရေးဘဏ်နှင့်မြစိမ်းရောင်ချေးငွေ ဟူ၍အဖွဲ့(၃)ဖွဲ့ရှိပါသည်။ တောင်သူများ သည်သမဝါယမချေးငွေမှအတိုးနှုန်းမှာ၁.၅ကျပ်နှုန်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော ချေးငွေကို တစ်လအတိုးနှုန်း ၇၀ ပြားတိုး၊မြစိမ်းရောင်ချေးငွေအား၁ကျပ်နှုန်းချေးယူနိုင်ကြသည်။ကျေးရွာနေပြည်သူများမှအတိုး နှုန်းသက်သာသောချေး ငွေရရှိပါသည်။

**(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**

ကျေးရွာတွင် မူလတန်းကျောင်းမှာ ၆၀'×၃၀'×၁၂' တစ်ထပ်ဆောင် သွပ်မိုး၊ အုတ်ခင်း၊ အုတ်ကာ ဖြစ်ပါသည်။ အထက်တန်း အဆင့်တွင် ဟားခါးမြို့သို့ တက်ရောက်ကြပါသည်။ ကျောင်းသာတက်ရောက် သူစုစုပေါင်း(၃၅) ဦးခန့်ရှိပြီး ကျောင်းဆရာ/မ (၆)ဦးမှ သင်ကြားပေးနေပါသည်။

ရွာသူရွာသားများအတွက် ကျန်းမာရေးဝန်ဆောင်မှုတို့ကို ကျေးရွာမှ (၁၅/၀) မိုင်ခန့် ဝေးသည့် ဟားခါးမြို့ တိုက်နယ်ဆေးရုံနှင့် ကားလမ်းဖြင့် အလွယ်တကူသွားရောက်ကာ ရရှိနိုင်ကြသည်။

သောက်ရေအတွက် စိမ့်စမ်းရေသွယ်ယူသုံးစွဲကြပြီးနွေရာသီတွင်ရေ လုံလောက်မှုမရှိပါ။ တစ်ရွာလုံးနီးပါးယင်လုံအိမ်သာ ဆောက်လုပ် သုံးစွဲကြသဖြင့် ရေကြောင့်ဆက်စပ်ဖြစ်ပွါးတတ်သော ရောဂါဖြစ်ပွါးမှုများ နည်းပါးသည်။ စာသင်ကျောင်းတွင်လည်း ကျောင်းအိမ်သာမှာ စနစ်တကျ ဆောက်လုပ်ထားပြီး ကျောင်းသူ/သားများအတွက် အသုံးပြုရန် လွယ်ကူသည်။

**(ဆ)လူငယ်နှင့် ယဉ်ကျေးမှု**

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့်အနေအထား သီးသန့်မရှိသော်လည်း လက်ဖက် ရည်ဆိုင်နှင့်ဘောလုံးကွင်းများရှိသည်။ သူတို့သည် ကျေးရွာရှိလူမှုရေး လုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြပြီး ဘာသာရေးပွဲတော်များတွင်လည်း ရိုးရာ အကများဖြင့် တင်ဆက်ပါဝင်ကြသည်။ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် ဖွံ့ဖြိုးရေး လုပ်ငန်း သီးသန့်ဖွဲ့စည်းခြင်းမရှိပါ။

**(ဇ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွါးမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ဒေသထွက် သီးနှံများကူးသန်း ရောင်းဝယ်မှု ချောမွေ့စေသည်။ရွာသားများသည် မိုဘိုင်းတယ်လီဖုန်း ဆက်သွယ် ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလို ဆက်သွယ် သိရှိနိုင်သည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ်လျော့ပါးစေရန်ပညာပေးပွဲများ ရှိသော်လည်း ကာကွယ်ရေးအစီအစဉ် သီးသန့်ရေးဆွဲထားခြင်းမရှိပါ။

**၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ**

ကျေးရွာသည် ပထဝီဝင်အနေအထားအရ ကုန်မြင့်တောင်တန်းဒေသတွင် တည်ရှိပြီး ချင်းပြည်မြောက်ပိုင်း၊ ဟားခါးမြို့နယ်တွင်တည်ရှိပါသည်။ လမ်းပန်းဆက်သွယ်ရေး အရ

ပွင့်လင်းရာသီတွင်အထူးကောင်းမွန်မှုရှိပြီး၊ မိုးရာသီတွင် လမ်းပမ်း ဆက်သွယ်ရေးအသင့်အတင့်ရှိပါသည်။

ကျေးရွာနှင့်အနီးဆုံးဈေးမှာ ဟားခါးမြို့ဈေးဖြစ်ပြီးတစ်ပတ်တွင်တနင်္ဂနွေနေ့တွင် ဈေးပိတ်ပြီး၊ ပစ္စည်း အမယ်စုံလင်စွာရရှိနိုင်ပေသည်။ အရေးပေါ်လိုအပ်ပါကနံ့ဂေါမြို့ကို အလွယ် တကူသွားရောက်ဝယ်ယူ ရရှိနိုင်ပေသည်။

ကျေးရွာတွင် လျှပ်စစ်မီးကို ရေအားလျှပ်စစ်လိုင်းမှ ချိတ်ဆက်သုံးစွဲနိုင်ခြင်း ကိုယ်ပိုင် ဆိုလာမီးများဖြင့်သုံးစွဲပြီး ကျောင်းသူကျောင်းသားများအတွက် စာဖတ်ချိန် အထောက် အပံ့ဖြစ်ခြင်း၊ အားလပ်ချိန်များတွင်ဗဟုသုတရဖွယ်သုတ၊ရသနှင့် သတင်းအစုံအလင်အား တီဗွီ ဖန်သားပြင်မှ ကြည့်ရှုနိုင်ခြင်း စသောလူနေမှုအဆင့်အတန်းမြင့်မားရေးလာရေးအတွက်အထောက်အကူ ပြုနေ သည်။

လူဦးရေအားလုံး၏ ၇၀%မှာ အလုပ်လုပ်နိုင်သည့် အရွယ်များဖြစ်ကြသည်။ ဘွဲ့ရ အရေအတွက် အသင့်အတင့်ရှိပြီး ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပြီး ကျန်းမာရေးပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှုများသို့လည်း အလွယ်တကူ လက်လှမ်းမှီနိုင်ကြသည်။ ကျေးရွာသားများအနေဖြင့် စိုးရိမ် ရသောဆေးဝါးကုသလိုမှုအတွက်လည်း ဟားခါးမြို့ဆေးရုံနှင့် များသို့သွားရောက်ပြီး ဆေးကုသမှုများ ခံယူ နိုင်ကြသည်။

ကျေးရွာအတွင်းတွင်ပြင်ပနှင့်ကျေးရွာအတွင်းမှဖွဲ့စည်းထားသောလူထုအခြေပြု အဖွဲ့အစည်း များ အတော်အသင့်ရှိပြီး၊အဖွဲ့များ၏ လုပ်ငန်းလည်ပတ်မှုမှာ ကောင်းမွန်ကြပေသည်။ ပြင်ပ ပုဂ္ဂလိ ကငွေချေးအဖွဲ့များ၊အစိုးရဌာနများနှင့်အချိတ်အဆက်အားကောင်းမှုရှိပြီး၊ထို အထောက်အပံ့များ သည် ကျေးရွာအတွက် လယ်ယာလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်မှုနှင့် အခြားလုပ်ငန်းများလုပ်ကိုင် ဆောင်ရွက်ရန် လွန်စွာအထောက်အပံ့ကောင်းများဖြစ်စေပါသည်။ စိုက်ပျိုးရေးဦးစီးဌာနမှလည်း စိုက်ပျိုးရေးနှင့်ပတ်သက်သော နည်းပညာပေးစံပြစိုက်ကွက်များကို ကျေးရွာတွင် စိုက်ပျိုးထားခြင်း သည်လည်း တောင်သူများအတွက် ခေတ်မှီစိုက်ပျိုးနည်းစနစ်များအား အချိန်နှင့်တစ်ပြေးညီ ရရှိစေသည်။

သဘာဝအရင်းအမြစ်များတွင် လယ်မြေများသည်စပါးစိုက်ပျိုးခြင်း၊ဝဥကို အဓိက စိုက်ပျိုး ကြပြီး၊မိုးရာသီတွင်မိုးရေဖြင့် စိုက်ပျိုးသော ပန်းမုန်လာနှင့်မုန်လာထုပ်များ တစ်ပိုင်တစ်နိုင် စိုက် ပျိုးကြပါသည်။

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွါးမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည် ကူးသန်း ရောင်းဝယ်မှုကို ချောမွေ့စေသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက် နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမှီအသုံးပြုနိုင်ကြသည်။ ကျေးရွာတွင်

အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်ကောင်းမွန်ပြီး အခြားသတင်း အချက် အလက်များ အတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။

လူမှုရေးပရဟိတ အသင်းအဖွဲ့များရှိပြီး၊ ကျန်းမာရေးနှင့် အခြားလူမှုရေးကိစ္စအဝဝအား ကူညီ ဆောင်ရွက်မှုများပြုလုပ်ပေးကြသည်။

**(ခ) အပန်းဖြေ အတားနှင့် စိန်ခေါ်မှု**

ကျေးရွာအနေအထားအရ ၊ ယေဘုယျအားဖြင့်အဟန့် အတားစိန်ခေါ်မှု အများအပြား မတွေ့ရှိရပေ။ သို့သော်ကျေးရွာတွင် ကျေးရွာအခြေပြုအဖွဲ့အစည်းများရှိပြီး၊ အဖွဲ့များကြားတွင် ပူးပေါင်းပါဝင် ဆောင်ရွက်မှုရှိသော်လည်း ခေါင်းဆောင်မှုအပိုင်းနှင့် ညှိနှိုင်းဆောင်ရွက်မှုအပိုင်းတွင် စနစ်ကျမှု အနည်းငယ်အားနည်းကြောင်းတွေ့ရှိရသည်။

စိုက်ပျိုးမြေတိုးချဲ့နိုင်မှုနှင့် ပတ်သက်ပြီးတောင်ကုန်းတောင်တန်းများဖြစ်၍ မြေလွတ်မြေရိုင်း များထပ်မံ မတိုးချဲ့နိုင်တော့ပဲ လက်ရှိမြေပေါ်တွင် တောင်ပြိုမှုလျော့နည်းအောင်ပြုလုပ်ထားရှိပြီး စိုက်ပျိုးကြိုးစားဆောင်ရွက်ကြသည်။

ကျေးရွာတွင်မူလတန်းကျောင်းပြီး၊စာသင်ကျောင်းဆောင်မှာအရည်အသွေးအပိုင်းတွင်အားန ည်းမှုရှိပေသည်။ အထက်တန်းပညာရေးများအတွက် (၁၅/၀) မိုင်ခန့်ကွာဝေးသော ဟားခါးမြို့တွင်သွားရောက်သင်ယူကြသည်။ ကျေးရွာတွင် ကျေးလက် ကျန်းမာရေးဌာနခွဲ ရှိသောကြောင့် အရေးပေါ်ကိစ္စရပ်များတွင် သွားရောက်ကုသနိုင်ပြီး ရောဂါများ ပြင်းထန်ပါက ဟားခါးမြို့သို့သွားရောက်ရပါသည်။

ကျေးရွာမှ(၃)မိုင်ဝေးသော စိမ့်စမ်းရေထွက်မှ ရေသွယ်ယူသောက်သုံးခြင်း၊နွေရာသီတွင်စိမ့် စမ်းရေထွက်နည်းပါးခြင်းနှင့်ရေလုံလောက်စွာမရရှိနိုင်ခြင်းကြောင့်စိုက်ပျိုးရေးလုပ်ငန်းနှင့် သောက် သုံးရေတွင်အခက်အခဲရှိပါသည်။ စိုက်ပျိုးသီးနှံများအနေဖြင့်သီးနှံအထွက်တိုးနှုန်းမြင့်တင်စေရေးအ တွက်ပိုးသတ်ဆေးသုံးစွဲမှုနှင့် ဓါတ်မြေသြဇာသုံးစွဲမှုနည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးမှုများကိုလည်း တိုးမြင့်ဆောင်ရွက်ပေးနိုင်ရေး လိုအပ်ပါသည်။

**၆။ ပန်းတိုင်နှင့် မဟာဗျူဟာ**

**(က) ဖွံ့ဖြိုးရေးပန်းတိုင်**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီး လာမည့် ငါးနှစ် တာကာလ အတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

(က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် စိုက်ပျိုးထုတ်ကုန်ထုတ်လုပ်မှုမြင့်တင်ခြင်း၊ ကျေးရွာတွင်း လမ်းနှင့်ရွာချင်းဆက်လမ်းများပိုမိုလာအောင်ဖန်တီးခြင်း၊ အလုပ်အကိုင်များ ဖန်တီးခြင်း၊ သက်မွေး ပညာသင်တန်းများရရှိခြင်းမှတဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွါးရေးအနေအထားကို တိုးတက် ရရှိစေမည်။

(က.၂) ကျွန်ုပ်တို့ရွာလူထုသည် ပညာရေးဝန်ဆောင်မှု၊ ကျန်းမာရေးဆိုင်ရာဝန်ဆောင်မှုနှင့် ကျေးရွာအခြေခံအဆောက်အဦများကို တိုးတက်ကောင်းမွန်လာအောင် ဆောင်ရွက်ခြင်းဖြင့် ကျေးရွာသူ၊သားများ ပညာရည်မြင့်မားပြီး လူသားဆိုင်ရာစွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ဝန်း လာစေကာ လူနေမှုဘဝတိုးတက် ကောင်းမွန်လာစေရမည်။

(က.၃) ကျွန်ုပ်တို့ရွာလူထုသည် သက်မွေးဝမ်ကျောင်းနှင့် စီးပွါးရေးအုပ်စုများဖွဲ့စည်းပြီး ကျေးရွာ အခြေပြုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြင့်မားလာမှုမှတဆင့် ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုယန္တရား တိုးတက်လာရမည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

(ခ.၁) ကျေးရွာတွင်အရင်းအနှီးချေးငွေ၊လယ်ယာသုံးစက်ကိရိယာအသုံးပြုနိုင်ရေးနှင့် နည်းပညာ အသုံးချနိုင်စွမ်းရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ ဆောင်ရွက်သွားမည်။ အသေးစား ငွေကြေးလုပ်ငန်းနှင့် ချေးငွေများအတိုးနှုန်း သက်သာစွာဖြင့် ပိုမိုရရှိစေရန်အတွက် မြို့နယ်ရှိ ဘဏ်များ၊ ပုဂ္ဂလိကရင်းနှီးငွေရရှိနိုင်ရာ အခြားနေရာများနှင့် ချိတ်ဆက်ပေးမည်။ အရင်းအနှီးငွေများရရှိပါကာ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် ခွဲဝေချထားပေးမည်။

(ခ.၂) ကျွန်ုပ်တို့သည် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများ တက်ရောက်နိုင်ရန် သင့် တော်သောသင်တန်းသားများကို ရွေးချယ် စီစဉ်ပေးရမည်။ ထိုသင်တန်းများသည် သင်တန်း သား များ အတွက် ကျွမ်းကျင်မှုများကို တိုးပွါးရရှိစေပြီး ဝင်ငွေရလုပ်ငန်းများ ထူထောင်တိုးချဲ့နိုင်ရန် အ ထောက်အကူပြုပေမည်။

(ခ.၃) ကျေးရွာတွင် စံချိန်မီ သောစာသင်ကျောင်းဆောင်တစ်ဆောင်နှင့် ပရိဘောဂအသုံး အဆောင် ပစ္စည်းများအလုံအလောက်ရရှိအောင်ဆောင်ရွက်သွားမည်။ လိုအပ်ပါက အလယ်တန်း၊ အထက်တန်း အဆင့် ကျောင်းများအထိ ရရှိအောင်တိုးမြှင့် ဆောင်ရွက်သွားမည်ဖြစ်သည်။

(ခ.၄) ကျေးရွာတွင် ကျေးရွာလမ်းနှင့် ရွာချင်းဆက်လမ်းများ တိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်သွားမည်။ကျေးရွာလူမှုအဖွဲ့အစည်းများကိုလည်း ကျေးရွာ အခြေပြုလုပ်ငန်းများကို

အကောင်အထည်ဖော်စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုရရှိအောင် ဆောင်ရွက်ရန် တိုက်တွန်းအားပေးဆောင်ရွက်မည်။

## ၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါမည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေး အစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့် အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျက်ပမာဏပါဝင်သည့် နှစ်ပတ်လည်ဖွံ့ဖြိုးရေးစီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

### (ခ) ကျေးရွာတွင်းလမ်းနှင့် ကျေးရွာချင်းဆက်လမ်းအဆင့်မြှင့်ပြုပြင်ခြင်း

ကျေးရွာမှတောင်ယာသို့သွားသောလမ်းများမရှိ၍တောင်ကုန်းတောင်တန်းလမ်းများသာသွားလာရခြင်း ၊ ရွာချင်းဆက်လမ်းမှာ အနည်းငယ် ကောင်းမွန်မှုမရှိဘဲ၊ မြေသားလမ်းသာ ဖြစ်နေ ။ ထို့ကြောင့် နိုင်ငံတော်မှကူညီပံ့ပိုးပေးမှုများနှင့်အတူ ကျေးလက် ဦးစီးဌာနမှ ကျေးရွာချင်းဆက်လမ်းနှင့် ကုန်ထုတ်လမ်း များအားအဆင့်မြှင့်ပြုပြင်ပေးသင့်ပါသည်။

### (ဂ) စိုက်ပျိုးရေးလယ်ယာသုံးကိရိယာများစနစ်တကျငှားရမ်းအသုံးပြုနိုင်ရေး

ကျေးရွာသည်တောင်ယာစိုက်ခင်းများသည်တောင်ကုန်းတောင်တန်းများတွင်စိုက်ပျိုး ကြပြီး ကျွဲနွားများနှင့်တောတရိစ္ဆာန်များထိန်းကျောင်းထားနိုင်ခြင်းမရှိသဖြင့် စိုက်ခင်းများ မပျက်စီးစေရန်အတွက်ခြံစည်းရိုးများကာရံထားရှိလိုကြောင်း၊တစ်နှစ်ပတ်လုံး စိုက်ပျိုးရေ ရရှိလိုကြောင်း၊လယ်ယာလုပ်သားရှားပါးလာမှုနှင့်အတူ၊ ရာသီဥတု ဖောက်ပြန်လာမှုတို့ကြောင့် လယ်ယာ

လုပ်ငန်းအချိန်မှီပြီးစီးရန် အနည်းငယ်အခက်အခဲ ကြုံတွေ့ရတတ်ပေသည်။ စိုက်ပျိုးရေး ဦးစီးဌာန နှင့်အတူ သက်ဆိုင်ရာဌာနများမှ နည်းပညာသင်တန်းများ ပို့ချသင့်ပါသည်။

**(ဃ) အသက်မွေးဝမ်းကျောင်းဆိုင်ရာလုပ်ငန်းများဖန်တီးပေးရေး**

ကျေးရွာတွင် ပညာမတတ်သောလူငယ်အချို့မှာ မိမိဘဝ တိုးတက်ရာ အာမခံချက် ပေး နိုင်သောလုပ်ငန်းများပေါ်တွင် အာရုံစိုက်မှုနည်းပြီး၊ ဂိမ်းကစားခြင်းများဖြင့် အချိန်ကုန်ဆုံး နေတတ်ပါသည်။ ထိုနည်းတူစွာပင်၊ လက်လုပ်လက်စားကျပန်းများမှာလည်း လုပ်ငန်း အတည် တကျမရှိဘဲ၊ ရာသီပေါ်သီးနှံများပေါ်တွင်သာ ကျပန်းအဖြစ်လုပ်ကိုင်စားသောက် နေကြရသည်။ ထိုသူများအတွက် သင့်တော်သောအသက်မွေးဝမ်းကျောင်းဆိုင်ရာ အတတ်ပညာများ ရရှိအောင် ကျေးလက်ဦးစီးဌာနမှ သက်ဆိုင်ရာပြင်ပအဖွဲ့များနှင့် ချိတ်ဆက်ပြီး ကူညီဆောင်ရွက်သင့်ပါသည်။

**(စ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ**

ကျေးရွာတွင် အသေးစားသမဝါယမချေးငွေလုပ်ငန်း၊မြစိမ်းရောင်ချေးငွေလုပ်ငန်း၊မြန်မာ့ လယ်ယာ ဖွံ့ဖြိုးရေးဘဏ်များရှိပြီး စားနပ်ရိက္ခာအတွက် အဓိကချေးယူထားပါသည်။

## ၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

ဗျူဟာဆိုသည်မှာ ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် အကောင်ထည်ဖော် မည့်နည်းလမ်းဖြစ်သည်။ နည်းလမ်းဆိုသည်မှာ မည်သည့်စီမံချက်များကို မည်သို့အကောင်ထည် ဖော်မည် ဆိုသည့်သဘောပင်ဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ချမှတ်ထားသော ပန်းတိုင် များကိုရောက်ရှိရန် ငါးနှစ်တာစီမံချက်ကာလအတွင်းပါဝင်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင် အထည် ဖော်မှု ဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

**(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်**

ကျေးရွာလူထုကငါးနှစ်တာအတွက် စီမံကိန်းရေးဆွဲစဉ်အချိန်ကဦးစားပေးအစီအစဉ်ချ ခဲ့သောစီမံကိန်း များသည်ငါးနှစ်တာလုံးအတွက်ပြီးပြည့်စုံပြီဟုမဆိုနိုင်ပါ။ ဦးစားပေးစီမံကိန်းအချို့ကို ရှေ့ပိုင်းနှစ်များ တွင်ဆောင်ရွက်နေစဉ်နောက်ထပ်ဦးစားပေးစီမံကိန်းအသစ်များ ပေါ်လာပါမည်။ ပုံမှန်အားဖြင့် စံနစ်တကျ ရေးဆွဲထားသောကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်မူဘောင်သည်သဘာဝ ဘေးအန္တရာယ်ဆိုး ဆိုးဝါးဝါးမ ကျပါကပြောင်းလဲမှုသိသိသာသာမရှိနိုင်ပဲ နောက်တိုး ဦးစားပေး စီမံကိန်းလုပ်ငန်းအချို့ ကိုနှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ထည့်သွင်းခြင်းအားဖြင့် အစဉ် သဖြင့်ငါးနှစ်တာ စီမံချက်တစ်ခု အသင့် အနေအထားတွင် ရှိနေပါမည်။

**(ခ) ကဏ္ဍနှင့် ရင်းနှီးမြှပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း**

စီမံကိန်းများကိုမည်သည့်ဝန်ကြီးဌာန၊ဦးစီးဌာနနှင့်သက်ဆိုင်သည်ဟု လုပ်ငန်းကဏ္ဍ ဆိုင်ရာအရ ခွဲခြားခြင်း (Functional classification )နှင့်စီးပွားရေး အကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)ဟူ၍ နှစ်မျိုး ရှိသည်။

*လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)*– ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

*ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification)* တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

**(ဂ) ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက် ဦးစားပေး အစီအစဉ်များကိုဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များဦးစားပေးအစီအစဉ်ကိုဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအဖွဲ့အစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

### ဟားခါးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
### ၂၀၂၀-၂၀၂၁ခုဘဏ္ဍာရေးနှစ်
### လီချားကျေးရွာ၏ ဦးစားပေးစီမံချက်များ

| စဉ် | စီမံချက်အမည် | အဖွဲ့(၁) | အဖွဲ့(၂) | အဖွဲ့(၃) | အဖွဲ့(၄) | အဖွဲ့(၅) | စုစုပေါင်း | အဆင့် |
|---|---|---|---|---|---|---|---|---|
| ၁။ | ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း | ၁၀ | ၁၀ | ၁၀ | ၉ | ၉ | ၄၈ | ၁ |
| ၂။ | ဥယျာဉ်ခြံကာရန်သံဆူးကြိုး | ၁၀ | ၁၀ | ၁၀ | ၈ | ၇ | ၄၅ | ၂ |
| ၃။ | မွေးမြူရေးနှင့်စိုက်ပျိုးရေးအတွက်နည်းပညာ | ၉ | ၁၀ | ၁၀ | ၆ | ၅ | ၄၀ | ၃ |
| ၄။ | ရွာတွင်းရေမြောင်းဖောက်လုပ်ရန် | ၈ | ၈ | ၁၀ | ၇ | ၅ | ၃၈ | ၄ |
| ၅။ | ကျေးရွာအာကစားတွင်း | ၈ | ၆ | ၈ | ၁၀ | ၅ | ၃၇ | ၅ |
| ၆။ | သောက်သုံးရေသွယ်ပေးရန် | ၅ | ၉ | ၆ | ၆ | ၁၀ | ၃၆ | ၆ |
| ၇။ | မူကြိုကျောင်းဆောင်ဆောက်ပေးရန် | ၉ | ၅ | ၁၀ | ၅ | ၅ | ၃၄ | ၇ |

# ဟားခါးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
# ၂၀၂၀-၂၀၂၁ခုဘဏ္ဍာရေးနှစ်
# လီချားကျေးရွာ၏ဖွံ့ဖြိုးရေးဗျူဟာများ

| စဉ် | အခက်အခဲ/ပြဿနာ | အကြောင်းအရင်း | အခွင့်အလမ်း | အဟန့်အတား | ဖြေရှင်းနည်း | စီမံချက် |
|---|---|---|---|---|---|---|
| (၁) | ကုန်ထုတ်လမ်း | ကျေးရွာတွင် ကုန်ထုတ်လမ်းမဖောက်နိုင်သောကြောင့် တောင်သူများ စိုက်ပျိုးရေးလုပ်ငန်းများတွင် အခက်အခဲကြုံတွေ့ရသည် | တောင်သူများကုန်ထုတ် လုပ်ငန်းတွင်ပိုမိုတိုးတက်လာ မည် | အရင်းအနှီးမရှိ | သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းနှင့်ချိတ်ဆက်ရန် | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေဦးစီးဌာန နှင့် NGO/ INGO ထံတင်ပြတောင်းခံခြင်း |
| (၂) | ဥယျာဉ်ခြံကာရန် သံဆူးကြိုး | ဖိုင်ကျေးရွာရှိစိုက်ပျိုးရေးခြံမျ ားတွင်ခြံစည်းရိုးမရှိ၍တိရစ္ဆာန်များဝင်ရောက်သည့်အတွက်စိုက်ခင်းများ ပျက်စီးသဖြင့် တောင်သူများ အခက်အခဲကြုံတွေ့ရသည် | ခြံစည်းရိုးကာနိုင်လျှင် အသီးအနှံများအထွက် တိုးလာပြီး စီးပွါးရေး တိုးတက်လာမည် | အရင်းအနှီးမရှိ | သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းနှင့်ချိတ်ဆက်ရန် | သက်ဆိုင်ရာအစိုးရဌာန၊ NGO/ INGO ထံတင်ပြတောင်းခံခြင်း |

## ဟားခါးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## ၂၀၂၀-၂၀၂၁ခုဘဏ္ဍာရေးနှစ်
## လီချားကျေးရွာ၏ဖွံ့ဖြိုးရေးဗျူဟာများ

| စဉ် | အခက်အခဲ/ပြဿနာ | အကြောင်းအရင်း | အခွင့်အလမ်း | အဟန့်အတား | ဖြေရှင်းနည်း | စီမံချက် |
|---|---|---|---|---|---|---|
| (၃) | မွေးမြူရေးနှင့်စိုက်ပျိုးရေးအတွက်နည်းပညာ | စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းတွင်နည်းပညာနည်းပါးသောကြောင့် လုပ်ငန်းလုပ်ကိုင်ရာတွင်အခက်အခဲများကြုံတွေ့ရခြင်း | နည်းပညာတိုးတက်လျှင် မွေးမြူရေး နှင့်စိုက်ပျိုးရေး အားကောင်းရှိလာမည့်အပြင် စီးပွါးရေးလည်းတိုးတက်လာမည် | ပညာပေးသင်တန်းများမရှိ | သက်ဆိုင်ရာ မွေး/ကု၊ စိုက်ပျိုးရေးဌာနနှင့် ချိတ်ဆက်ရန် | သက်ဆိုင်ရာမွေး/ကု၊ စိုက်ပျိုးရေးဌာနဌာန ထံတင်ပြတောင်းခြင်း၊ |

ဟားခါးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
၂၀၂၀-၂၀၂၁ခုဘဏ္ဍာရေးနှစ်
လီချားကျေးရွာ၏ဖွံ့ဖြိုးရေးဗျူဟာများ

| စဉ် | အခက်အခဲ/ပြဿနာ | အကြောင်းအရင်း | အခွင့်အလမ်း | အဟန့်အတား | ဖြေရှင်းနည်း | စီမံချက် |
|---|---|---|---|---|---|---|
| (၄) | ရွာတွင်းလမ်းရေမြောင်းဖောက်လုပ်ရန် | ဖိုင်ကျေးရွာတွင် ရေမြောင်းမြေကာမှုမရှိသောကြောင့်အိမ်ကြားလမ်းများတွင်ရေများလျှံနေခြင်းကြောင့်အန္တရာယ်ကြုံတွေ့ရပါသည် | ရေမြောင်းမြေကာမှုရှိပါက တစ်နှစ်ပတ်လုံးအန္တရာယ်နည်းပါးသွားမည် | အရင်းအနှီးမရှိ | သက်ဆိုင်ရာအစိုးရဌာနနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်ချိတ်ဆက်ရန် | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနထံတင်ပြတောင်းခြင်း |
| (၅) | အာကစားကွင်း | ဖိုင်ကျေးရွာတွင်အားကစားကျင်းပရန်နှင့် ဘောလုံးကစားရန်ကွင်းမရှိသည့်အတွက် လူငယ်များမှ အခက်အခဲကြုံတွေ့ရပါသည် | ဘောလုံးကွင်းရှိပါက လူငယ်များ အားကစားစိတ်ဓာတ်တက်ကြွမည် | အရင်းအနှီးမရှိ | သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းနှင့်အားကာဌာနနှင့်ချိတ်ဆက်ရန် | အ/က ဌာန နှင့် NGO/ INGO ထံတင်ပြတောင်းခံခြင်း |

**ဟားခါးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**
**၂၀၂၀-၂၀၂၁ခုဘဏ္ဍာရေးနှစ်**
**လီချားကျေးရွာ၏ဖွံ့ဖြိုးရေးဗျူဟာများ**

| စဉ် | အခက်အခဲ/ပြဿနာ | အကြောင်းအရင်း | အခွင့်အလမ်း | အဟန့်အတား | ဖြေရှင်းနည်း | စီမံချက် |
|---|---|---|---|---|---|---|
| (၆) | သောက်သုံးရေသွယ်ပေးရန် | ဖိုင်ကျေးရွာတွင်သောက်သုံးေရသွယ်မှုမရှိသောကြောင့်ရွာသူ/သားများမှလုံလောက်စွာရေမသုံးစွဲနိုင် | သောက်သုံးရေသွယ်ယူပေးပါကသန့်ရှင်းသောရေသုံးစွဲနိုင်လာမည်အပြင် အိမ်ခြံစိုက်ပျိုးရေးအတွက်လည်းများစွာအထောက်အကူပြုမည် | အရင်းအနှီးမရှိ | သက်ဆိုင်ရာအစိုးရဌာနနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်ချိတ်ဆက်ရန် | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန NGO နှင့် INGOထံတင်ပြတောင်းခြင်း |

| | | | | | | |
|---|---|---|---|---|---|---|
| (၇) | မူကြိုကျောင်းဆောင် ဆောက်ပေးရန် | ဖိုင်ကျေးရွာတွင် မူကြိုကျောင်းမရှိသည့်အတွက် ကလေးငယ်များပညာရေးတွင် အခက်အခဲကြုံတွေ့ ရသည် | ကလေးသူငယ်များပညာရေး တိုးတက်လာမည် | အရင်းအနှီးမရှိ | သက်ဆိုင်ရာပညာရေး ဌာန၊ အဖွဲ့အစည်းများ နှင့်ချိတ်ဆက်ရန် | ပညာရေးဌာန နှင့် NGO/ INGO ထံတင်ပြတောင်းခံခြင်း |

## ဟားခါးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## ၂၀၂၀-၂၀၂၁ခုဘဏ္ဍာရေးနှစ်
## လီချားကျေးရွာ၏နှစ်အလိုက်စီမံချက်လုပ်ငန်းများ

| စဉ် | အကြောင်းအရာ | အဆင့် | ၂၀၂၁ | ၂၀၂၂ | ၂၀၂၃ | ၂၀၂၄ | ၂၀၂၅ |
|---|---|---|---|---|---|---|---|
| ၁။ | ကုန်ထုတ်လမ်း | ၁ | — | | | | |
| ၂။ | ဥယျာဉ်ခြံကာရန်သံဆူးကြိုး | ၂ | | — | — | — | — |
| ၃။ | မွေးမြူရေးနှင့်စိုက်ပျိုးရေးအတွက်နည်းပညာ | ၄ | | — | — | — | — |
| ၄။ | ရွာတွင်းရေမြောင်းဖောက်လုပ်ရန် | ၅ | | — | — | | |
| ၅။ | အားကစားကွင်း | ၆ | | | — | — | — |
| ၆။ | သောက်သုံးရေသွယ်ပေးရန် | ၇ | | — | — | | |
| ၇။ | မူကြိုကျောင်းဆောင်ဆောက်ပေးရန် | ၈ | | | — | — | — |

နောက်ဆက်တွဲ

ပုံစံ(၁)

စီမံချက်အဆိုပြုလွှာ(သို့)စီမံချက်အကြောင်းအရာ( Project profile)

| | | |
|---|---|---|
| ကျေးရွာ | - | လီချားကျေးရွာ |
| ကျေးရွာအုပ်စု | - | လောက်လုံ |
| မြို့နယ် | - | ဟားခါးမြို့နယ် |
| တိုင်းဒေသကြီး/ပြည်နယ် | - | ချင်းပြည်နယ် |
| စီမံချက်အမည် | - | ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း(၁/၀)မိုင် |

**စီမံချက်ဆောင်ရွက်ရန်လိုအပ်ကြောင်းရှင်းလင်းဖော်ပြချက်(သို့)လက်ရှိအခြေအနေ**

ကုန်ထုတ်လမ်းမရှိသေးသဖြင့် ကျေးရွာပြည်သူများအတွက် ကုန်ထုတ်လမ်းဖောက်လုပ်ရန် လိုအပ်သည်။

**စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအားပိုကောင်းအောင် ဆောင်ရွက်လိုသည့်ဆန္ဒဖော်ပြရန်)**

- အလွယ်တကူသွားလာနိုင်ရန်

**မျှော်မှန်းအကျိုးရလဒ်(လက်ငင်းရည်ရွယ်ချက်ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့်အကျိုးကျေးဇူးများ)**

- အချိန်တူအတွင်း သွားလာနိုင်ရန်

**စီမံချက်ဆိုင်ရာအချက်အလက်ဖော်ပြခြင်း(ဘာလုပ်မည်၊ဘယ်လောက်ပမာဏလုပ်ရမည်)**

- ကုန်ထုတ်လမ်း

စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု

| ခန့်မှန်းကုန်ကျစရိတ်(ကျပ်) | ထည့်ဝင်မည့်အစီအစဉ် |
|---|---|
| ၁၀၀၀၀၀၀၀၀ (ငွေသား) | ကျေးလက်/ဦးစီး |
| (ငွေသား) | ကျေးရွာ |
| ၁၅၀၀၀၀၀ (ပစ္စည်း/လုပ်အား) | ကျေးရွာ |

| | |
|---|---|
| | |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှုအဆင့်အတန်း(အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| **ကျေးရွာအဆင့်** | ၁၀၀ | ၁၀၅ | **၂၀၅** | ၁၀ | ၁၀ | ၁၀ | ၁၄ | **၄၄** |
